# #G20RomeSummit

# G20 Summit Side Event (27th October 2021)

## “မြန်မာနိုင်ငံ ရင်ဆိုင်နေရသော COVID–19 ရောဂါ၊ စီးပွားရေးပြိုလဲမှု စသည့် ဘေးဒုက္ခများကို ကျော်လွှားနိုင်ရေးနှင့် နိုင်ငံတကာ၏ ထိရောက်သော တုံ့ပြန်ခြင်း"

မြန်မာနိုင်ငံတွင် စစ်အာဏာသိမ်းပြီးနောက် ပေါ်ပေါက်လာသော လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ဘေးဒုက္ခများအပေါ် လက်တွေ့ကျကျတုံ့ပြန်ဆောင်ရွက်နိုင်ရန် ယခုအခမ်းအနားတွင် သုံးသပ်အဖြေရှာကြမည် ဖြစ်ပါသည်။ ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ (၁) ရက်နေ့တွင် မြန်မာနိုင်ငံ၌ စစ်အာဏာသိမ်းရန် ကြိုးပမ်းမှု၏ အကျိုးဆက်များဖြစ်သော ကျန်းမာရေးစနစ်ပြိုလဲမှု၊ စီးပွားရေးချွတ်ခြုံကျမှု၊ စစ်ဘေးရှောင်ဒုက္ခသည်များ တိုးပွားလာမှုနှင့် နိုင်ငံရေးအရ ဖြေရှင်းနိုင်မှု မရှိခြင်းတို့ကြောင့် မြန်မာနိုင်ငံအား နိုင်ငံတကာအသိုင်းအဝိုင်း၏ အာရုံစိုက်မှုကို ဖြစ်ပေါ်စေခဲ့ပါသည်။ COVID–19 နှင့် စီးပွားရေးချွတ်ခြုံကျမှုတို့သည် မြန်မာနိုင်ငံ၏ အိမ်နီးချင်းနိုင်ငံများအား ဂယက်ရိုက်ခတ်စေခဲ့သည့်အပြင် ASEAN အနေနှင့်လည်း စစ်အာဏာသိမ်းမှုကြောင့် အကျပ်အတည်း တွေ့ကြုံ နေရပါသည်။ ထိုအခြေအနေများအပေါ်တွင် နိုင်ငံတကာအနေဖြင့် ထိရောက်၍ လက်တွေ့ကျသော တုံ့ပြန်မှုအစီ အစဉ်များ ဆောင်ရွက်နိုင်ရန် အခမ်းအနားတက်ရောက် သူများက ဝိုင်းဝန်းအကြံပြုဆွေးနွေးကြမည်ဖြစ်ပါသည်။

**အခမ်းအနားစီစဉ်သူ– အီတလီသမ္မတနိုင်ငံ၊ အထက်လွှတ်တော်နှင့် Senator Pier Ferdinando Casini**

နေရာ – “Caduti di Nassirya” Room, Piazza Madama, Rome, Italy

နေ့စွဲ – ၂၀၂၁၊ အောက်တိုဘာလ (၂၇) ရက်

အချိန် – မြန်မာစံတော်ချိန် ၁၈:၃၀–၁၉:၃၀/ အီတလီစံတော်ချိန် ၁၄:၀၀–၁၅:၀၀

**မေးခွန်းမေးမြန်းသူ – Michael Marett–Crosby, CEO–Suu Foundation**

ဒေါက်တာစင်သီယာမောင် ခင်ဗျာ…

ထိုင်း‌မြန်မာနယ်စပ်တစ်လျှောက် ကပ်ရောဂါဖြစ်ပွားမှုတွင် ရှေ့ဆုံးမှ ရင်ဆိုင်နေသော မယ်တော်ဆေးခန်းမှ ဤအခမ်းအနားကို လာရောက်ပူးပေါင်းပါဝင်မှုအတွက် ကျေးဇူးတင်ရှိပါတယ်။ တိုင်းရင်းသားဒေသရှိ လူထု၏ လိုအပ်ချက်တွေနဲ့ အရပ်ဖက်ပြည်သူလူထု၏ အတွေ့အကြုံများအရ COVID–19 အန္တရာယ် ရင်ဆိုင်မှုများအတွက် နိုင်ငံတကာအသိုင်းအဝိုင်းရဲ့ ဘယ်လိုအကူအညီတွေ လိုအပ်နေတယ်ဆိုတာကို ပြောပြနိုင်ပါသလားခင်ဗျာ?

**မယ်တော်ဆေးခန်း တည်ထောင်သူ ဒေါက်တာစင်သီယာမောင်၏ ဖြေကြားချက်**

ဟုတ်ကဲ့ ကျေးဇူးအများကြီးတင်ပါတယ်။

မြန်မာပြည်သူလူအပေါ် အထူးသဖြင့် တိုင်းရင်းသားနဲ့ လူနည်းစုတွေအပေါ် အမြစ်တွယ်နေတဲ့ လူ့အခွင့်အရေးတွေကို ကျယ်ကျယ်ပြန့်ပြန့် ချိုးဖောက်ခံနေရခြင်း၊ များစွာသော လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကျပ်အတည်းနဲ့ ရင်ဆိုင်နေရပါတယ်။ နှစ်ရှည်လများ အရေးယူမခံရမှုနဲ့ လစ်လျူရှုထားတဲ့ မတရားပြုကျင့်မှုများကြောင့် များစွာသော ထွက်ပြေးတိမ်းရှောင်ရသူတွေ၊ ဆင်းရဲမွဲတေမှုတွေနဲ့ စားနပ်ရိက္ခာ မလုံလောက်မှုတွေဟာ ကာလကြာရှည်စွာရှိခဲ့ပြီး ကျန်းမာရေးစောင့်ရှောက်မှု အရေးပေါ်လိုအပ်ချက်တွေနဲ့အတူ ဖြစ်ပေါ်ခံစားရစေပါတယ်။ ဖေဖော်ဝါရီ (၁) ရက်နေ့ စစ်တပ်အာဏာသိမ်းရန် ကြိုးပမ်းမှုဟာ အဲ့ဒီအကျပ်အတည်းတွေကို ပိုမိုဆိုးရွားများပြားလာစေပါတယ်။ ပြောရမယ်ဆိုရင် ဘယ်ခေတ်ကာလနဲ့မှမတူဘဲ အခုအချိန်မှာ မြန်မာဟာ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီတွေကို သေရေးရှင်ရေးတမျှ ပိုမိုလိုအပ်လျက်ရှိပါတယ်။ မတရားမှုတွေ၊ လစ်လျူရှုမှုတွေကို ကျူးလွန်ခြင်းဖြင့် ဒီကပ်ဘေးအန္တရာယ်များအတွက် အဓိကတာဝန်ရှိတဲ့သူတွေဟာ မြန်မာပြည်သူတို့ရဲ့ လူမှုဘဝဖူလုံရေးကို ဦးစားပေးဆောင်ရွက်ခြင်း မရှိကြောင်းကိုလည်း ထပ်ခါထပ်ခါ ထုတ်ဖော်ပြသလျက်ရှိပါတယ်။

ခုလိုအခြေအနေမှာ မြန်မာနိုင်ငံအတွက် လူသားချင်းစာနာထောက်ထားခြင်းဆိုင်ရာ အထောက်အပံ့တွေဟာ အထူးသဖြင့် နိုင်ငံရေးအရ ထိလွယ်ရှလွယ် ရှိပါတယ်။ ခွဲခြားဆက်ဆံမှုတွေ မယုံကြည်မှုတွေ တိုးပွားမလာအောင် အထူးဂရုပြုရမှာဖြစ်ပါတယ်။ ပြီးတော့ ဆယ်စုနှစ်များစွာ တိုင်းပြည်ကို များစွာထိခိုက်နစ်နာစေတဲ့ စစ်အုပ်ချုပ်ရေးကို ထောက်ပံ့ပေးသလို မဖြစ်ဖို့လည်း လိုပါတယ်။ အကူအညီပေးတဲ့ နည်းလမ်းတွေ၊ အကူအညီတွေဟာ ဘေးအန္တရာယ် အကျပ်အတည်း

တွေရဲ့ အဓိက တရားခံဖြစ်တဲ့ စစ်ကောင်စီအတွက် နိုင်ငံရေးအမြတ်ထုတ်ရာမှာ အသုံးချမဲ့ အရာတွေ မဖြစ်စေသင့်ပါဘူး။

အကူအညီပေးသူတွေဟာ ထိခိုက်ခံစားရတဲ့ ပြည်သူတို့ရဲ့ အသံကို နားထောင်ဖို့လိုပါတယ်။ သမိုင်းမှာ ပထမဆုံးအကြိမ်လို့ ပြောလို့ရတဲ့ ယခုအခါ မြန်မာပြည်သူအားလုံးနီးပါးဟာ နိုင်ငံ့အကျပ်အတည်းတွေရဲ့ ဇစ်မြစ်ကို သိမြင်လာသလို နိုင်ငံကို ကာကွယ်ရမယ့် လုံခြုံရေးအဖွဲ့အစည်းဟာ အကြမ်းဖက်အဖွဲ့အစည်းအဖြစ် ရှုမြင်လာပါပြီ။ အကူအညီတွေဟာ စစ်ရာဇဝတ်မှုတွေ အထပ်ထပ် ကျူးလွန်နေတဲ့ အုပ်ချုပ်သူတွေနဲ့ ၎င်းတို့ရဲ့ အဖွဲ့အစည်းတွေကို တရားဝင် အသိအမှတ်ပြုသလိုမျိုး၊ အကျိုးတူပူးပေါင်းဆောင်ရွက်သလိုမျိုး အဖြစ်မခံနိုင်ပါဘူး။ ဒါ့အပြင် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ဝန်ဆောင်မှုတွေဟာ ထိရောက်မှု၊ ညီမျှမှု၊ လုံလောက်မှုတွေနဲ့အတူ ပြည်သူက စိတ်ချယုံကြည်ရသော မိတ်ဖက်အဖွဲ့အစည်းတွေနဲ့ ပူးပေါင်းဆောင်ရွက်မှု အမှန်တကယ် လုပ်နိုင်ရင် သူတို့တွေ ပါဝင်လို့ မရပါဘူး။ အထူးသဖြင့် COVID–19 ရောဂါ ကာကွယ်ထိန်းချုပ်ရေးကိစ္စမှာလိုမျိုး ကာကွယ်ဆေးထိုးခြင်း၊ ထိတွေ့သူလိုက်ရှာခြင်း စတဲ့ ရောဂါကာကွယ်ရေးလုပ်ငန်းတွေ ပိုမိုအောင်မြင်ဖို့အတွက် အရေးပါလာတဲ့ လူထုနဲ့ထိတွေ့ဆက်ဆံရတဲ့ ကိစ္စတွေမှာ ဒီလိုမှန်ကန်စွာ ဆောင်ရွက်ဖို့လိုနေပါတယ်။

ယခင်က မကြုံတွေ့ဖူးတဲ့ ခုလိုအချိန်မှာ အကူအညီတွေဟာ အခြေအနေပေါ်မူတည်ပြီး လိုက်လျောညီထွေအောင် ပြုပြင်ပြောင်းလဲနိုင်စွမ်း ရှိရပါမယ်။ အကူအညီပေးရာမှာလည်း လူသားချင်းစာနာထောက်ထားမှု၊ သမာသမတ်ကျမှု၊ လွတ်လပ်မှု၊ ဘက်မလိုက်မှု စတဲ့ မူဝါဒများပေါ် မူတည်ပြီး ယခင်ပေးနေကျ လမ်းကြောင်းများနဲ့မတူဘဲ ပိုမိုပေးနိုင်ဖို့ ကြိုးစားရပါမယ်။ မြန်မာ့အိမ်နီးချင်းနိုင်ငံတွေရဲ့ နယ်စပ်ကို ဖြတ်ကျော်ပြီး နယ်စပ်တစ်လျှောက်မှာ ဖြန့်ကျက်လျက်ရှိနေပြီးဖြစ်တဲ့ ပြည်သူလူထုရဲ့ မိတ်ဖက်အဖွဲ့အစည်းတွေကတဆင့် ဆောင်ရွက်ခြင်းဟာ အကောင်းဆုံးနည်းလမ်းတစ်ခုပဲဖြစ်ပါတယ်။ အဲ့ဒီမိတ်ဖက်အဖွဲ့အစည်းကွန်ယက်တွေဟာ ထိခိုက်ခံစားရဆုံး မြန်မာပြည်သူလူထုတွေအတွက် အကူအညီပေးနေတဲ့ အဓိကအရင်းအမြစ်တွေပဲ ဖြစ်နေတာ ဆယ်စုနှစ် (၃) ခု ကျော်ပါပြီ။ မြန်မာပြည်သူများ နေရပ်ရွှေ့ပြောင်းနေရတာနဲ့အတူ အိမ်နီးချင်းနိုင်ငံတွေကိုသာမက အခြားဒေသတွေကိုပါ ခြိမ်းခြောက်အန္တရာယ်ပြုလာတဲ့ ဒီ COVID–19 ရောဂါ အပါအဝင် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ကိစ္စတွေဟာ ပိုမိုဆိုးရွားလာနေတာကို ရင်ဆိုင်နေရပါတယ်။ ၎င်းဘေးအန္တရာယ်တွေကို ဖြေရှင်းရာမှာလည်း လိုက်လျောညီထွေအောင် ပြောင်းလွယ်ပြင်လွယ်ဖြစ်မှု၊ ထိရှလွယ်သော ရိုးရာဓလေ့ ထုံးတမ်းအစဉ်လာတွေကို ထည့်သွင်းစဉ်းစားမှုတွေဟာ အဓိကအစိတ်အပိုင်းအဖြစ် ဆက်ရှိနေမှာပဲ ဖြစ်ပါတယ်။

နိုင်ငံရေးနဲ့ပတ်သက်မှု မရှိသော ကျန်းမာရေးကဏ္ဍအပေါ် အကြိမ်ကြိမ် အကြမ်းဖက်နေတဲ့ စစ်တပ်ရဲ့ မတရားပြုကျင့်မှုဟာ အရေးယူ မခံရတာတွေကို ရင်ဆိုင်ကြုံတွေ့နေရပါတယ်။ ဒါကြောင့် အကူအညီ ပိုမိုများပြားလာတာနဲ့အမျှ ထိုသို့မဖြစ်အောင် ကြိုးစားအားထုတ်မှုတွေ ပိုမိုလိုအပ်လာပါတယ်။ ပြည်သူတွေဟာ ပိုမိုဆိုးရွားတဲ့ အခြေအနေတွေကို ကြုံတွေ့လာတာနဲ့အတူ အကူအညီ ကန့်သတ်မှုတွေ၊ ပိတ်ပင်မှုတွေ ဆက်ဖြစ်နေတာကြောင့် ကာကွယ်လို့ရနိုင်တဲ့ ရောဂါခံစားမှုတွေ၊ နာမကျန်းမှုတွေ၊ သေဆုံးမှုတွေ ခံစားနေပါတယ်။ အထူးသဖြင့် ကလေးတွေနဲ့ အမျိုးသမီးတွေပေါ့။ ဒ့ါအပြင် COVID-19 အတွက် အလုပ်လုပ်ပေးနေတဲ့ ကျန်းမာရေးဝန်ထမ်းများအပါအဝင် အကူအညီ ထောက်ပံ့မှုတွေကို ဖျက်ဆီးမှု၊ သိမ်းယူမှုတွေ၊ ဆေးရုံတွေမှာ ဝင်ရောက်နှောင့်ယှက်မှုတွေ၊ ပြီးတော့ ကျန်းမာရေးဝန်ထမ်းတွေကို ညှင်းပန်းနှိပ်စက်သတ်ဖြတ်မှုတွေပါ ရှိနေတာပါ။ စစ်အုပ်ချုပ်မှုအောက်မှာ ဒီလုပ်ရပ်တွေဟာ မြန်မာပြည်သူတွေကို ထိခိုက်ခံစားရမှုတွေ များစွာဖြစ်စေပါတယ်။ မြန်မာပြည်သူတွေရဲ့ ဘဝနဲ့ အလုပ်အကိုင်တွေအတွက် ပေးနေတဲ့ အကူအညီအားလုံးနဲ့ အလုပ်လုပ်ပေးနေတဲ့ ကျန်းမာရေးဝန်ထမ်းများကို ကာကွယ်ရပါမယ်။ မြန်မာပြည်သူတို့ရဲ့ ကျန်းမာရေးနဲ့ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကျပ်အတည်းတွေကို ပြင်းပြင်းထန်ထန် ရင်ဆိုင်ဖြေရှင်းရမယ်လို့ မှတ်ယူရပါမယ်။

နောက်ဆုံးအနေနဲ့ COVID-19 ရဲ့ သက်ရောက်မှုတွေအပါအဝင် မြန်မာရဲ့ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ဘေးအန္တရာယ်တွေဟာ ဖြစ်ရိုးဖြစ်စဉ် ပဋိပက္ခတွေ မဟုတ်ပါဘူးလို့ ထပ်လောင်းပြောဆိုလိုပါတယ်။ ကျွန်မတို့ ရှန်းကန်ရင်ဆိုင်နေရတဲ့ ဘေးအန္တရာယ်တွေကို ဖြစ်စေတဲ့ မတရားပြုမှုကို အရေးမယူတဲ့အပြင် ပြည်သူတွေရဲ့ နာကျင်ခံစားမှုကို သက်သာစေရန် ကူညီမှုတွေကို လက်နက်သဖွယ် သုံးနေပါတယ်။ မြန်မာနိုင်ငံရဲ့ နာတာရှည် အရေးပေါ်လိုအပ်ချက်တွေကို ထိရောက်စွာ၊ ညီမျှစွာ၊ လုံလောက်စွာ လျင်လျင်မြန်မြန် ပိုမိုလုပ်ဆောင်ဖို့ လိုသလို လိုက်လျောညီထွေရှိဖို့လည်း လိုပါမယ်။ ဒီအကျပ်အတည်းတွေကို စဉ်ဆက်မပြတ် ရင်ဆိုင်ဖို့နဲ့ နောက်ဆုံးရပ်တန့်နိုင်ဖို့က စစ်တပ်ရဲ့ အရေးယူမခံရမှုကို အဆုံးသတ်ရပါမယ်။ အဲလို မြန်မာပြည်သူအားလုံး နီးပါး သိမြင်သလို နိုင်ငံတကာအသိုင်းအဝိုင်းကလည်း သိမြင်ရပါမယ်။ ယခုအချိန်ဟာ မြန်မာပြည်သူတွေဟာ ပုံမှန်လူ့အသိုင်းအဝိုင်း ပြန်လည်တည်ဆောက်မှု၊ စစ်အာဏာရှင်ရဲ့ မတရားပြုကျင့်ခြင်းကို ခုခံမှုနဲ့ ကျန်းမာရေးရပိုင်ခွင့်တွေ အသိအမြင်ရရှိအောင် ကြိုးစားတည်ဆောက်လျက်ရှိပါတယ်။ ထို့သို့တည်ဆောက်ရာမှာ မြန်မာပြည်သူတွေနဲ့အတူ တစ်စည်းတစ်လုံးတည်း ရပ်တည်ပေးဖို့ အချိန်ဖြစ်ပါတယ်လို့ ပြောကြားလိုပါတယ်။